# အင်္ဂလိပ်စာသင်ယူရန် သင့်အား ကျွန်ုပ်တို့ ကူညီနိုင်သည်

## ကျွန်ုပ်အင်္ဂလိပ်စာကို ဘာကြောင့် သင်သင့်သနည်း။

သင်သည် ယခုအခါ ဩစတြေးလျားနိုင်ငံတွင်ရောက်ရှိနေပြီဖြစ်သဖြင့် အင်္ဂလိပ်စာသင်ယူရန်မှာ သင့်အတွက်ရေးကြီးပါသည်။

အင်္ဂလိပ်စာသည် ဩစတြေးလျားနိုင်ငံ၏ နိုင်ငံတော်ဘာသာစကားဖြစ်သည်။ ဩစတြေးလျားနိုင်ငံရှိလူများသည် ဘာသာစကားပေါင်းများစွာပြောဆိုကြသော်လည်း သင့်အနေနှင့် ဩစတြေးလျားဘဝလောက၌ ပြည့်ဝစွာပါဝင်လှုပ်ရှားရန်အတွက် အင်္ဂလိပ်စကားကိုပြောဆိုပြီးနားလည်ရန်လည်းလိုအပ်လိမ့်မည်။ အင်္ဂလိပ်စကားမတတ်ကျွမ်းလျှင် သင့်အနေနှင့် အလုပ်ရှာခြင်းအပါအဝင်၊ မရှိမဖြစ် အရေးကြီးသော ဝန်ဆောင်မှုများမြောက်မြားစွာကို ရယူရန်နှင့် အခြားသူများအပေါ် မှီခိုမှုကင်းမဲ့ရန် ခက်ခဲသည်ကိုကြုံတွေ့ရလိမ့်မည်။ အကယ်၍သင်သည် ဩစတြေးလျားနိုင်ငံသားခံယူလိုသည့်ဆန္ဒရှိလျှင် အင်္ဂလိပ်စာတတ်ကျွမ်းရန်လည်းလိုအပ်သည်။

## အရွယ်ရောက်ပြီးသော နိုင်ငံကူးပြောင်းလာသူအတွက်အင်္ဂလိပ်စာအစီအစဉ်ဆိုသည်မှာ အဘယ်နည်း။

Adult Migrant English Program (AMEP) ဆိုသည်မှာ အရည်အချင်းပြည့်မီကြသော နိုင်ငံကူးပြောင်းလာကြသူများနှင့် ဒုက္ခသည်များအနေဖြင့် ဩစတြေးလျားနိုင်ငံတွင် အောင်မြင်စွာ အခြေကြရေးကို အကျိုးပြုရာ၌ လိုအပ်သည့် အခြေခံအင်္ဂလိပ်စာကို လေ့လာသင်ကြားရန် သူတို့အား ကူညီပေးသော ဩစတြေးလျားနိုင်ငံအစိုးရ၏ ထောက်ပံ့ကြေးအစီအစဉ်တစ်ရပ်ဖြစ်သည်။

AMEP တွင် ပါဝင်ခြင်းအားဖြင့် သင်သည် သင်၏ အင်္ဂလိပ်စာကျွမ်းကျင်မှု တိုးတက်မြင့်မားလာခြင်းကို အကျိုးပြုမည့်အပြင်၊ သင်သည် ဩစတြေးလျားနိုင်ငံ လူ့အသိုင်းအဝိုင်း၊ ယဉ်ကျေးမှုနှင့် ထုံးဓလေ့များကိုလည်း သိနားလည်လာလိမ့်မည်။ သင်နှင့်အလားတူ နောက်ခံအခြေအနေများ၊ အတွေ့အကြုံများနှင့် ရည်မှန်းချက်များရှိနိုင်ကောင်းသော အခြားအသစ်ရောက်စလူများကိုလည်း သင်တွေ့ဆုံရလိမ့်မည်ဖြစ်သည်။ AMEP တွင် ပါဝင်ခြင်းအားဖြင့် သင့်အနေနှင့် ဩစတြေးလျားနိုင်ငံတွင် မိတ်သစ်များစွာရရှိနိုင်ရေးကို အထောက်အကူပြုကောင်းပြုနိုင်မည်။

## ယင်းအစီအစဉ်အတွက် ကျွန်ုပ်အနေနှင့် လိုအပ်ချက်ပြည့်မီမည်လား။

အကယ်၍သင်သည် ဩစတြေးလျားနိုင်ငံတွင်အခြေချနေထိုင်နေသည့် အရွယ်ရောက်ပြီးသော နိုင်ငံကူးပြောင်းလာသူတစ်ဦး သို့မဟုတ် ခိုလှုံသူတစ်ဦးဖြစ်သည့်အပြင် သင့်အား အမြဲတမ်းနေထိုင်ခွင့်ဗီဇာ၊ သို့မဟုတ် အရည်အချင်းပြည့်မီသောဗီဇာ ထုတ်ပေးထားပြီး သင့်အနေနှင့် အင်္ဂလိပ်စကားအနည်းအကျဉ်းသာပြောနိုင်လျှင် သို့မဟုတ် လုံးဝမပြောနိုင်လျှင် သင့်အနေနှင့် လိုအပ်ချက်ပြည့်မီခြင်းရှိကောင်းရှိနိုင်မည်။ အသက် ၁၅ နှစ်နှင့် ၁၇ နှစ်ကြားအသက်အရွယ်ရှိ အချို့သောနိုင်ငံကူးပြောင်းလာသူ လူငယ်များသည်လည်း AMEP ၌ စာသင်ကောင်းစာသင်နိုင်မည်။

သင်သည် ဩစတြေးလျားနိုင်ငံသို့ရောက်ရှိလာသောနေ့ သို့မဟုတ် သင်၏ ဗီဇာစတင်သောနေ့မှစတင်၍ ခြောက်လအတွင်း AMEP ဝန်ဆောင်မှုပေးသူတစ်ဦးဦးထံ၌ မှတ်ပုံတင်စာရင်းသွင်းပြီး အင်္ဂလိပ်စာသင်တန်းကို တစ်နှစ်အတွင်း စတင်တက်ရောက်ရန် လိုအပ်သည်။

သင်သည် ဩစတြေးလျားနိုင်ငံသို့ရောက်ရှိလာသည့်နေ့ သို့မဟုတ် သင်၏ ဗီဇာစတင်သောနေ့မှစတင်၍ ၅ နှစ်အတွင်း၊ AMEP ၌ နာရီပေါင်း ၅၁၀ အထိ အင်္ဂလိပ်စာသင်နိုင်သည်။

နိုင်ငံမကူးပြောင်းမီအကြိုကာလ၌ ခက်ခဲသောအတွေ့အကြုံများရှိခဲ့ခြင်း (ဥပမာ ညှဉ်းပန်းခံခဲ့ရခြင်းနှင့် စိတ်ဒဏ်ရာရရှိခဲ့ခြင်း) သို့မဟုတ် အကန့်အသတ်နှင့် ကျောင်းတက်ခဲ့ရခြင်းတို့ကြောင့် သင့်ထံ၌အထူးလိုအပ်ချက်များရှိပါက သင့်အနေနှင့် သင်တန်းအပိုတက်ရောက်ရန် လိုအပ်ချက်ပြည့်မီနိုင်သည်။

ထို့အပြင် Settlement Language Pathways to Employment and Training (SLPET) (အလုပ်အကိုင်နှင့် လေ့ကျင့်ရေးအစီအစဉ်အတွက် အခြေချမှုဆိုင်ရာ ဘာသာစကားလမ်းကြောင်းများအစီအစဉ်) အရ AMEP ဝန်ဆောင်မှုရသူများသည် သင်တန်းအပိုတက်နိုင်သည်။ SLPET မှ ဝန်ဆောင်မှုရသူများအား ဆောင်ရွက်ပေးသည်မှာ ဝန်ဆောင်မှုရသူများအနေနှင့် ဩစတြေးလျားနိုင်ငံလုပ်ငန်းခွင်ထုံးတမ်းဓလေ့များ၊ အလေ့အထများတို့ဖြင့်အကျွမ်းဝင်နေခိုက် သက်မွေးဝမ်းကြောင်းဆိုင်ရာ အထူးအင်္ဂလိပ်စာတတ်မြောက်ရေးအား ထောက်ကူပေးသော အလုပ်အကိုင်ရရှိခြင်းကို အဓိကထားသည့်သင်တန်းကိုပို့ချပေးသည်။

## အစီအစဉ်ကုန်ကျစရိတ်မှာ မည်မျှနည်း။

လိုအပ်ချက်ပြည့်မီကြသော နိုင်ငံကူးပြောင်းလာသူများနှင့် ဒုက္ခသည်များအတွက် AMEP အစီအစဉ်အရ ပညာသင်စရိတ်မှာအခမဲ့ဖြစ်သည်။

## ကျွန်ုပ်အားမည်သူက သင်ပေးမည်နည်း။

AMEP ကို TAFE ကောလိပ်များ၊ ပြည်နယ် ပညာရေးဌာနများ၊ ပုဂ္ဂလိကနှင့် ပရဟိတအဖွဲ့အစည်းများကဲ့သို့သော ဝန်ဆောင်ပေးသူများမှတဆင့် စီစဉ်ပေးသည်။ ဤဝန်ဆောင်ပေးသူများသည် အခြားဘာသာစကားများကိုပြောဆိုကြသူများအား အင်္ဂလိပ်စာသင်ပေးရန်အတွက် လေ့ကျင့်ပေးထားသောဆရာများကို အလုပ်ခန့်အပ်ထားသည်။

သင်၏ဒေသခံ AMEP ဝန်ဆောင်ပေးသူမှ ဤအစီအစဉ်အရ သင့်၌လိုအပ်ချက်ပြည့်မီမှုရှိ၊ မရှိကိုပြောလိမ့်မည်။ ၎င်းတို့မှသင့်အနေနှင့် အင်္ဂလိပ်စာကိုတတ်မြောက်ရန်အကောင်းဆုံးသောနည်းကိုလည်းအကြံပြုနိုင်ပြီး အကယ်၍သင့်အနေနှင့်မိသားစု သို့မဟုတ် အလုပ်အကိုင်တို့၏ အကြောင်းပြချက်များကြောင့် သင်၏သင်တန်းစတင်ရက်ကိုရွှေ့ဆိုင်းရန်လိုအပ်ပါက၊ ထိုခွင့်ပြုချက်ကိုရရှိရန်စီစဉ်ပေးနိုင်သည်။

မည်သည့်သင်တန်းသည် သင်၏လိုအပ်ချက်နှင့်အကိုက်ညီဆုံးဖြစ်မည်ကို သင့်ဝန်ဆောင်ပေးသူမှ သင့်အားအကြံပေးနိုင်သည်။ ၎င်းတို့မှ ဤအချက်ကို သင်၏အလုပ်အကိုင်၊ သင်၏မိသားစုအခြေအနေနှင့် သင်၏လက်ရှိအင်္ဂလိပ်စာအဆင့်တို့၏အခြေအနေများအပေါ်အခြေခံပြီး ဆောင်ရွက်ပေးလိမ့်မည်။ ၎င်းတို့သည် သင့်အနေနှင့် ရှေ့ဆက်ပညာသင်ကြားရေးကိုလည်း ကူညီစီစဉ်ပေးနိုင်သည်။

## ကျွန်ုပ်အင်္ဂလိပ်စာသင်ကြားနေစဉ် ကျွန်ုပ်၏ကလေးများကို မည်သူကစောင့်ရှောက်ပေးမည်နည်း။

သင်သည် သင်တန်းတက်ရောက်နေခိုက် သင့်ကလေးများအား အခမဲ့စောင့်ရှောက်ပေးရန် သင်၏ AMEP ဝန်ဆောင်ပေးသူကစီစဉ်ပေးနိုင်သည်။ ကလေးများအတွက်အခမဲ့စောင့်ရှောက်ပေးမှုမှာ ကျောင်းတက်ရန်အရွယ်မရောက်သေးသည့်ကလေးများအတွက်သာဖြစ်ပြီး သင် သင်တန်းများကို တက်ရောက်နေစဉ်အတောအတွင်းအတွက်သာဖြစ်သည်။

အချက်အလက်များကိုပိုမိုသိရှိရန်အတွက် သင်၏ AMEP ဌာနထံမှ ကလေးများအားစောင့်ရှောက်ပေးရေးအချက်အလက်အချပ်ကိုတောင်းပါ။

## မည်သည့်နေရာ၌ ကျွန်ုပ်စာသင်ရမည်နည်း။

ဝန်ဆောင်ပေးသူများသည် အချိန်ပြည့်နှင့် အချိန်ပိုင်းသင်တန်းများကို အချိန်ကွဲများ (နံနက်ပိုင်း၊ ညနေပိုင်းနှင့် စနေ၊ တနင်္ဂနွေများ)နှင့် ကျောင်းများ၊ ကောလိပ်များနှင့် လူမှုအသိုင်းအဝိုင်းဌာနများတို့ပါဝင်ကြသည့် နေရာကွဲများ၌ ပို့ချပေးကြသည်။

ဝန်ဆောင်ပေးသူများသည် ကျေးလက်တောနယ်နှင့် ဒေသန္တရအရပ်များအပြင် မြို့တော်ကြီးများ၌လည်း သင်တန်းများကိုပို့ချပေးကြသည်။

## အကယ်၍ကျွန်ုပ်အနေနှင့်သင်တန်းများကို မတက်ရောက်နိုင်လျှင်ကော။

ဝန်ဆောင်မှုရရှိသူများအတွက် စာသင်ခန်းကို အခြေပြုသော သင်ကြားပေးခြင်းအပြင်၊ အဝေးရောက် သင်ယူခြင်း၊ Home Tutor Scheme (နည်းပြဆရာမှ အိမ်တိုင်လာရောက် သင်ကြားပေးခြင်းအစီအစဉ်)နှင့် မိမိ၏ချိန်ဆမှုအရ အင်တာနက်မှတဆင့် လေ့လာသင်ကြားခြင်းတို့ အပါအဝင်ဖြစ်သော အခြားရွေးချယ်စရာ လေ့လာသင်ကြားမှုပုံစံများရှိပါသည်။

### အဝေးရောက် သင်ကြားခြင်း။

AMEP ၌အဝေးရောက်သင်ကြားပေးခြင်းအစီအစဉ်ရှိသည်။ သင်၏ AMEP ဝန်ဆောင်ပေးသူသည် ဤသင်တန်းနှင့်ပတ်သက်သော အချက်အလက်များနှင့်အကြံဉာဏ်တို့ကို ပိုမိုပေးနိုင်သည်။

သင်တန်းပုံစံမှာ အွန်လိုင်း(အင်တာနက်)မှတဆင့်ဖြစ်စေ၊ သို့မဟုတ် အစီအစဉ်အလိုက် ပြဋ္ဌာန်းစာအုပ်များနှင့် ရုပ်သံအရ သင်ကြားရေး ထောက်ကူပစ္စည်းများအတွဲတစ်ခုအရဖြစ်စေ ပို့ချပေးသည်။ သင့်အား အသိအမှတ်ပြုခံဆရာတစ်ဦးမှ တယ်လီဖုန်းနှင့်လည်း ပုံမှန်ဆက်သွယ်နေလိမ့်မည်။ သင့်အနေနှင့် သင်တန်းအတွက် တစ်ပတ်တွင်အနည်းဆုံး ငါးနာရီအချိန်ပေးရန်လိုအပ်လိမ့်မည်။

လေ့ကျင့်ခန်းနှင့် ဆောင်ရွက်လုပ်ရှားမှုတို့၌ပါဝင်သည်များမှာ ရေဒီယိုကို နားဆင်ခြင်း၊ သတင်းစာများနှင့် ကြော်ငြာများကိုဖတ်ရှုခြင်း၊ သင့်ကိုယ်ပိုင်အကြောင်းများကိုပြောခြင်း၊ သတင်းအချက်အလက်များကိုစုံစမ်းခြင်း၊ လျှောက်လွှာပုံစံများကိုဖြည့်စွက်ခြင်းနှင့် စာရေးခြင်းတို့များဖြစ်ကြသည်။

### အိမ်သို့လာသောနည်းပြဆရာအစီအစဉ်။

အကယ်၍သင့်ထံ၌ AMEP အတွက် လိုအပ်ချက်ပြည့်မီမှုရှိပြီး သင်တန်းများကို တက်ရောက်နိုင်ခြင်းမရှိပါက၊ သင်သည် နည်းပြဆရာတစ်ဦးနှင့် သင့်အိမ်၌သော်လည်းကောင်း၊ သင်တို့နှစ်ဦးစလုံးအတွက် သင့်တော်သည့်နေရာတစ်ခု၌သော်လည်းကောင်း၊ အင်္ဂလိပ်စာသင်နိုင်ကောင်းသင်နိုင်မည်။

နည်းပြဆရာသည် သင့်အား အင်္ဂလိပ်စာကိုအကောင်းဆုံးသောနည်းလမ်းနှင့် သင်ယူတတ်မြောက်ရန်အပြင် ဩစတြေးလျားနိုင်ငံ၏နေ့စဉ်ဘဝကို နားလည်ရန်ကူညီပေးနိုင်သည်။

သင်၏ AMEP ဝန်ဆောင်ပေးသူသည်  ဤအစီအစဉ်နှင့်ပတ်သက်သောအချက်အလက်များနှင့်အကြံဉာဏ်တို့ကို ပိုမို၍ပေးနိုင်သည်။

### မိမိ၏ချိန်ဆမှုအရ အင်တာနက်မှတဆင့် လေ့လာသင်ကြားခြင်း။

သင်သည် AMEP အဝေးရောက်သင်ခြင်း ဝက်ဘ်ဆိုက်တ် www.amepdl.net.au ၌တွေ့ရသော အခမဲ့ အွန်လိုင်း  self-paced e-learning modules (မိမိ၏ချိန်ဆမှုအရ အင်တာနက်မှတဆင့် လေ့လာသင်ကြားခြင်း မော်ဂျူးများ)အား အသုံးပြု၍ မိမိ၏ချိန်ဆမှုဖြင့်လည်း သင်ယူနိုင်ပါသည်။

ယင်းအခမဲ့ အွန်လိုင်း သင်ကြားရေးပစ္စည်းအား AMEP ဝန်ဆောင်မှု မရရှိကြသူများနှင့် ဩစတြေးလျားနိုင်ငံသို့ ပြောင်းရွှေ့ရန် ရည်ရွယ်နေကြသူများအပါအဝင် မည်သူမဆို မိမိတို့၏ အင်္ဂလိပ်စာ ကျွမ်းကျင်မှုကို ကောင်းမွန်တိုးတက်စေလိုသူများမှ ရယူနိုင်ကြပါသည်။

## AMEP သင်တန်းကိုမစတင်မီ။

AMEP သင်တန်းကိုမစတင်မီ အောက်ပါတို့အတွက် သင့်အနေနှင့် AMEP ဌာနနှင့် ရက်ချိန်းယူရန်လိုအပ်လိမ့်မည်၊

- သင်၏အင်္ဂလိပ်စာအဆင့်ကိုစိစစ်ရန်
- သင့်အနေနှင့်အပတ်တိုင်း နာရီပေါင်းမည်မျှသင်မည်နှင့် သင်တက်ရောက်မည့်သင်တန်းအမျိုးအစားတို့ကို သဘောတူရန်
- ကလေးစောင့်ရှောက်ရေးလိုအပ်ချက်များနှင့် AMEP မှသင့်အား ဘာကူညီလုပ်ပေးနိုင်သည်တို့ကိုဆွေးနွေးရန်
- သင့်ပညာရေးနှင့် သက်မွေးဝမ်းကြောင်းဆိုင်ရာ ရည်မှန်းချက်ပန်းတိုင်များက ဘာတွေလဲ၊ ၎င်းတို့ကို ဆွတ်ခူးရယူရန်အတွက် သင့်နေနှင့်ဘာတွေလုပ်ရန်လိုအပ်သလဲနှင့် ဘာသင်ယူသင့်သလဲ။ ဤအချက်များကိုသတ်မှတ်ပေးသည့် ကိုယ်ပိုင်လမ်းကြောင်းလမ်းညွှန်တစ်ခုကိုဖေါ်ထုတ်ရန်။ သင်အင်္ဂလိပ်စာတတ်မြောက်လာသည်နှင့်အမျှ သင့်ရည်မှန်းချက်ပန်းတိုင်များအောင်မြင်နေခြင်း၏တိုးတက်မှုကို သင်၏အစီအစဉ်၌မှတ်တမ်းတင်ပေးလိမ့်မည်ဖြစ်သည်။

### နောက်ထပ်သတင်းအချက်အလက်။

နောက်ထပ်အချက်အလက်များအတွက် သင်သည် ဩစတြေးလျားနိုင်ငံအတွင်းမည်သည့်နေရာမှမဆို ဖုန်းဆက်လျှင် ဒေသအတွင်းဖုန်းဆက်ခဖြင့် Skilling Australia (ဩစတြေးလျားနိုင်ငံ ကျွမ်းကျင်မှု တိုးတက်ရေး) ဆိုင်ရာအချက်အလက် ဖုန်းလိုင်းသို့ ၁၃ ၃၈ ၇၃ ၌ဆက်သွယ်နိုင်ပါသည်။

သင်နှင့်အနီးဆုံးသော ဝန်ဆောင်ပေးသူ၏အကြောင်းအပါအဝင် AMEP နှင့်ပတ်သက်သော အချက်အလက်များကို www.industry.gov.au/amep ၌တွေ့ရှိနိုင်ပါသည်။

အကယ်၍သင်သည် စကားပြန်အကူအညီလိုအပ်လျှင် Translating and Interpreting Service (TIS) National (နိုင်ငံတော်ဘာသာပြန်နှင့်စကားပြန်ဝန်ဆောင်မှု)သို့ ၁၃၁ ၄၅၀ ၌ဆက်သွယ်ပါ (ဩစတြေးလျားနိုင်ငံအတွင်း မည်သည့်နေရာမှမဆို ဖုန်းဆက်လျှင် ဒေသအတွင်းဖုန်းဆက်ခသာ ကုန်ကျမည်)။ ၎င်းတို့မှ တစ်နေ့တွင် ၂၄ နာရီစလုံး၊ တစ်ပတ်တွင် ၇ ရက်စလုံး ဘာသာပြန်နှင့်စကားပြန်လုပ်ပေးခြင်းများကို ဝန်ဆောင်ပေးသည်။